# မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကိုရီးယားနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ တို့အကြား နားလည်မှုစာချွန်လွှာ

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ ငွေကြေးထောက်လှမ်းရေး သတင်းအချက်အလက်ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ

၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီး ဌာနတွင် ဖွဲ့စည်းထားရှိသော မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ငွေကြေးဆိုင်ရာ လွှဲပြောင်းမှုသတင်းပို့ချက်များဥပဒေအရ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ ဘဏ္ဍာရေးအဖွဲ့ကော်မရှင်တွင် ဖွဲ့စည်းထားရှိသော ကိုရီးယားနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ (KoFIU) နှင့် (ဤနေရာမှစ၍နောက်ပိုင်းတွင် ဌာနတစ်ရပ်တည်းအား အာဏာပိုင် ဟု လည်းကောင်း၊ ဌာနနှစ်ရပ်အား အာဏာပိုင်များဟုလည်းကောင်း သုံးနှုန်း ပါမည်။) တို့သည် ပူးပေါင်းဆောင်ရွက်လိုသောစိတ်ဆန္ဒရှိမှု၊ အပြန်အလှန်အကျိုး စီးပွားတို့ အတွက်နှင့် အာဏာပိုင် တို့၏ နိုင်ငံတစ်နိုင်ငံချင်းစီရှိ ဥပဒေမူဘောင်အတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုတိုအား တားဆီးကာကွယ်ရေးနှင့် စုံစမ်းဖော်ထုတ်ခြင်းတို့တွင် အထောက်အကူ ဖြစ်စေရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့နှင့် ဆက်နွယ်သည့် ပြစ်မှုများဖြင့် သံသယဖြစ်ခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများတွင် အထောက်အကူဖြစ်စေရန် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးရေးကို ဆန္ဒရှိကြပါသည်။

ဥပဒေအရစည်းနှောင်မှုရှိသည့် စာချုပ်စာတမ်းတစ်ရပ်အဖြစ် ချုပ်ဆိုရန်ရည်ရွယ်ချက် မထားရှိ သော်လည်း အထက်ဖော်ပြပါသတင်းအချက်အလက်များဖလှယ်ရာတွင် အတတ်နိုင်ဆုံး အပြည့်အဝ တိုးချဲ့ဆောင်ရွက်သွားနိုင်ရန် တွန်းအားပေးနိုင်ရေးအတွက် အာဏာပိုင်များသည် နားလည်မှုစာချွန်လွှာတစ်ရပ် (ယခုမှစ၍နောင်တွင် စာချွန်လွှာဟုသုံးနှုန်းပါမည်။) ကို ချုပ်ဆို ကြပြီး အောက်ဖော်ပြပါအချက်များကို နားလည်သဘောပေါက်ကြပါသည်-

၁။ <u>သတင်းအချက်အလက်ဖလှယ်ခြင်း</u>

(က) အာဏာပိုင်များသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်နေသည့် ပြစ်မှုကျူးလွန်ခြင်းများနှင့် ဆက်စပ်နေသည်ဟု သံသယ ရှိသည့် ၎င်းတို့လက်တွင်ရှိနေသော ငွေကြေးလွှဲပြောင်းမှုများဆိုင်ရာ သတင်း

အချက်အလက်များကို စုဆောင်းခြင်း၊ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းနှင့် စိစစ်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်။

(ခ) မိမိတို့နိုင်ငံဥပဒေက ခွင့်ပြုသည့်အတိုင်းအတာအထိနှင့် မိမိတို့၏ကိုယ်ပိုင်မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာပိုင်တစ်ဦးချင်းစီတို့သည် မိမိတို့၏ဆန္ဒအရဖြစ်စေ သို့မဟုတ် အခြားအာဏာပိုင်တစ်ဦး၏ တောင်းဆိုမှုအရဖြစ်စေ ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် အခြားသောပြစ်မှုကျူးလွန်မှုများနှင့် ဆက်နွယ်နေသော ရနိုင်သမျှသော မည်သည့် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်ကိုမဆို ထောက်ပံ့ပေးအပ်လိမ့်မည်။

၂။ <u>လိုက်နာဆောင်ရွက်နိုင်ရန်အချက်များ</u>

တောင်းဆိုသည့်နိုင်ငံသည် တောင်းဆိုခြင်းခံရသည့်နိုင်ငံထံ အနိမ့်ဆုံးအနေဖြင့် အောက်ဖော်ပြပါ အသေးစိတ်အချက်အလက်များပါဝင်သည့် အကျဉ်းချုပ်ဖော်ပြချက် တစ်စောင်ကို ပေးအပ်ရမည်-

(က) အဆိုပါတောင်းဆိုခြင်းအတွက် အကြောင်းပြချက်

(ခ) ထိုတောင်းဆိုသည့်သတင်းအချက်အလက်အား အသုံးပြုမည့်ရည်ရွယ်ချက်

(ဂ) တောင်းဆိုခြင်းခံရသည့် အာဏာပိုင်အနေဖြင့် ၎င်းတို့နိုင်ငံ၏ ပြည်တွင်းဥပဒေအရ ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ ဆုံးဖြတ်ရန်လိုအပ်သော လုံလောက်သည့် အခြားသော သတင်းအချက်အလက်

၃။ <u>သတင်းအချက်အလက် အသုံးပြုခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်းများကို ခွင့်ပြုခြင်း</u>

ဤစာချွန်လွှာနှင့်အညီ တောင်းဆိုမှုတစ်ရပ်အပေါ် ကျေနပ်မှုရှိ၍ ပေးအပ်သော သတင်းအချက်အလက်အသုံးပြုမှုသည် အောက်ဖော်ပြပါကန့်သတ်ချက်များကို လိုက်နာရမည်-

(က) တောင်းဆိုသည့်အာဏာပိုင်သည် ထိုသတင်းအချက်အလက်ကို ဤစာချွန်လွှာတွင် ဖော်ပြထားသည့် သို့မဟုတ် တောင်းဆိုချက်တွင်ဖော်ပြထားပြီး တောင်းဆိုခြင်းခံရသည့် အာဏာပိုင်ကလက်ခံခဲ့သည့် ရည်ရွယ်ချက်မှတစ်ပါး အခြားရည်ရွယ်ချက်အတွက် အသုံးမပြုရ။

(ခ) တောင်းဆိုသည့်အာဏာပိုင်သည် တောင်းဆိုခြင်းခံရသည့် အာဏာပိုင်ထံမှ ရရှိသော သတင်းအချက်အလက်အား သတင်းအချက်အလက်ပေးအပ်သည့် အာဏာပိုင်၏ ကြိုတင်သဘောတူညီချက်မရှိဘဲ အဆိုပါတောင်းဆိုချက်တွင် ဖော်ပြထားခြင်းမရှိသည့် မည်သည့်အဖွဲ့အစည်းကိုမျှ ဝေမျှပေးခြင်းမပြုရ။

(ဂ) တောင်းဆိုသည့်အာဏာပိုင်သည် တောင်းဆိုခြင်းခံရသည့် အာဏာပိုင်ထံမှ ရရှိသော သတင်းအချက်အလက်အား ပေးအပ်သည့်အာဏာပိုင်၏ ကြိုတင်သဘောတူညီချက်မရှိဘဲ စီမံခန့်ခွဲရေး၊ တရားစွဲဆိုတင်ပို့ခြင်း သို့မဟုတ် တရားစီရင်ရေးအပါအဝင် မည်သည့်တရားစီရင်ရေး စွဲဆိုမှုတွင်မဆို သက်သေခံချက်အဖြစ် အသုံးမပြုရ။ ထို့အပြင် တောင်းဆိုသည့်အာဏာပိုင်သည် ထိုသတင်းအချက်အလက်ကို တရားစီရင်ရေးစွဲဆိုမှုတွင် အသုံးပြုပါက (အထက်တွင်ဖော်ပြထားသည့် ကြိုတင်သဘောတူညီချက် ရယူပြီးနောက်) အာဏာပိုင်နှစ်ရပ်လုံး၏နယ်ပယ်တွင်း မူလပြစ်မှုကျူးလွန်ရာမှ အစပြုခဲ့သည့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုများအတွက်သာ အသုံးပြုရမည်။

၄။ **လုံခြုံရေး**

(က) အာဏာပိုင်များအကြားဖလှယ်သည့် သတင်းအချက်အလက်အားလုံးကို ခွင့်ပြုထားသည့် ကိစ္စရပ်အတွက်သာ အသုံးပြုခြင်းသေချာစေရန်အလို့ငှာ တင်းကြပ်စွာ ထိန်းချုပ်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းများ ဆောင်ရွက်ရမည်။

(ခ) တောင်းဆိုသည့်အာဏာပိုင်သည် လက်ခံရရှိသော သတင်းအချက်အလက်ကို လျှို့ဝှက်စွာ သိမ်းဆည်းထားရှိရမည့်အပြင် အစိုးရလျှို့ဝှက်ချက်ဖြစ်စေရမည်။ အနိမ့်ဆုံးအနေဖြင့် ဖလှယ်ခဲ့သည့်သတင်းအချက်အလက်အား တောင်းဆိုသည့် အာဏာပိုင်လက်ခံရရှိသည့် အလားတူ ပြည်တွင်းသတင်းအချက်အလက်များအတွက် လိုက်နာရမည့် လျှို့ဝှက်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ကာကွယ်ထိန်းသိမ်းထားရှိရမည်။

၅။ **ကန့်သတ်ချက်များ**

(က) တောင်းဆိုခံရသည့်အာဏာပိုင်သည် အကယ်၍ တောင်းဆိုသည့် သတင်းအချက်အလက်များ ထုတ်ပေးပါက မိမိနိုင်ငံ၏ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းတွင် လွှန်ကဲစွာထိခိုက်လိမ့်မည်ဟု ဆုံးဖြတ်ပါက တောင်းဆိုသည့် အာဏာပိုင်ထံ သတင်းအချက်အလက်များ ပေးအပ်ခြင်းမပြုဟု ငြင်းဆိုနိုင်သည်။

(ခ) တောင်းဆိုခံရသည့်အာဏာပိုင်သည် အောက်ပါအခြေအနေများတွင် သတင်းအချက် အလက် ပေးအပ်ရန် တာဝန်မရှိပါ-

(၁) သတင်းအချက်အလက် တောင်းခံချက်တွင်ပါဝင်သော ပြစ်မှုနှင့်တူညီသည့် စွပ်စွဲခံထားရသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုနှင့်ပတ်သက်၍

တောင်းဆိုခြင်းခံရသည့် အာဏာပိုင်၏နိုင်ငံအတွင်း တရားစွဲဆိုခြင်းကို ဆောင်ရွက်ပြီး ဖြစ်လျှင်

(၂) အကယ်၍ထိုကဲ့သို့သော သတင်းအချက်အလက်ကို ပေးအပ်ခြင်းဖြင့် တောင်းဆိုခြင်းခံရသည့် နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ အမျိုးသားအကျိုးစီးပွား သို့မဟုတ် အခြားသောပဓာနကျသည့် အကျိုးစီးပွားများကို ထိခိုက်နစ်နာစေနိုင်လျှင်

၆။ <u>အသိပေးအကြောင်းကြားခြင်း</u>

အကယ်၍ တောင်းဆိုခြင်းခံရသည့် အာဏာပိုင်အနေဖြင့် တောင်းဆိုမှုတစ်ရပ်အား မတုန့်ပြန်ဟု ဆုံးဖြတ်ပါက တောင်းဆိုခြင်းခံရသည့်အာဏာပိုင်သည် မိမိ၏ဆုံးဖြတ်ချက်ကို တောင်းဆိုသည့်အာဏာပိုင်ထံ အသိပေးအကြောင်းကြားရမည်။

၇။ <u>ဆက်သွယ်ဆောင်ရွက်မှု</u>

(က) အာဏာပိုင်များသည် မိမိတို့နိုင်ငံအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လက်ခံနိုင်ဖွယ်ရှိသော ဆက်သွယ်ဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများကို အတူပူးတွဲ စီစဉ်ဆောင်ရွက်လိမ့်မည့်အပြင် ဤစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အချင်းချင်းတိုင်ပင်ညှိနှိုင်း ဆောင်ရွက်လိမ့်မည်။

(ခ) သတင်းအချက်အလက် တောင်းခံခြင်း၊ ထိုတောင်းခံမှုကို တုန့်ပြန်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်း၊ အသိပေးအကြောင်းကြားခြင်းနှင့် အခြားဆက်သွယ်ဆောင်ရွက်မှုများ အားလုံးကို အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားကာ ဆက်သွယ်ဆောင်ရွက်ရမည်။

၈။ <u>နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းတိုင်ပင်ခြင်းများ</u>

အကယ်၍လိုအပ်ပါက အာဏာပိုင်များ၏ကိုယ်စားလှယ်များသည် ဤစာချွန်လွှာအား မည်ကဲ့သို့ တွန်းအားပေးမြှင့်တင်ဆောင်ရွက်ရမည်ကို ဆွေးနွေးရန်နှင့် နိုင်ငံတကာဘဏ္ဍာရေးစနစ်အား ကာကွယ်ရန်အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကြိုးပမ်းအားထုတ်မှုများကို စေ့စပ်ညှိနှိုင်းရန်အလို့ငှာ လုပ်ငန်းဆိုင်ရာ အစည်းအဝေးများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ကျင်းပကြလိမ့်မည်။

၉။ <u>ပြင်ဆင်ခြင်းများ</u>

ဤစာချွန်လွှာကို အာဏာပိုင်များ၏ အပြန်အလှန် စာဖြင့်ရေးသားသဘောတူခွင့်ပြုချက်ဖြင့် မည်သည့်အချိန်တွင်မဆို ပြင်ဆင်နိုင်သည်။

၁၀။ **အကျိုးသက်ရောက်မှု စတင်သည့်ကာလ**

ဤစာချွန်လွှာသည် နှစ်ဖက်သောအာဏာပိုင်များ လက်မှတ်ရေးထိုးသည့်နေ့တွင် စတင် သက်ရောက်မှုရှိသည်။

၁၁။ **အာဏာပိုင်များ၏ စီမံခန့်ခွဲလုပ်ဆောင်မှု**

ဤစာချွန်လွှာနှင့်အညီ သတင်းအချက်အလက်များဖလှယ်ခြင်း ဆောင်ရွက်ရာတွင် အာဏာပိုင်များအနေဖြင့် ဤစာချွန်လွှာပါပြဋ္ဌာန်းချက်နှင့် ကွဲလွဲဆန့်ကျင်သည့် ဆောင်ရွက်မှု တစ်ရပ်အား ညှိနှိုင်းဆောင်ရွက်ကြလိမ့်မည်မဟုတ်။

၁၂။ **အငြင်းပွားမှုများအား ဆုံးဖြတ်ခြင်း**

အာဏာပိုင်များသည် ဤစာချွန်လွှာ၏ပြင်ပမှ သို့မဟုတ် ဤစာချွန်လွှာနှင့်ဆက်နွယ်၍ သို့မဟုတ် ဤစာချွန်လွှာကိုအနက်ဖွင့်ဆိုခြင်းမှ ပေါ်ပေါက်လာသည့်အငြင်းပွားမှုတစ်စုံတစ်ရာကို ချစ်ကြည်ရေးပျက်ယွင်းမှုမရှိစေဘဲ ဖြေရှင်းရန် အကောင်းဆုံးကြိုးပမ်းအားထုတ်ရမည်။

၁၃။ **ရုပ်သိမ်းခြင်း**

(က) အာဏာပိုင်များအနက် တစ်ဦးဦးသည် မည်သည့်အကြောင်းပြချက်ဖြင့် မဆို မည်သည့်အချိန်တွင်မဆို ဤစာချွန်လွှာအားရုပ်သိမ်းလိုကြောင်း မိမိ၏ ရည်ရွယ်ချက်ကို အခြားသောအာဏာပိုင်ထံ စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို ပေးအပ်ခြင်းဖြင့် ဤ စာချွန်လွှာကို ရုပ်သိမ်းနိုင်သည်။

(ခ) ဤစာချွန်လွှာရုပ်သိမ်းမှုမတိုင်မီက လက်ခံရရှိခဲ့သည့် သတင်းအချက်အလက် များအား လျှို့ဝှက်မှုထားရှိရေးနှင့်ဆက်နွယ်သည့် ဤစာချွန်လွှာပါ စည်းကမ်း သတ်မှတ်ချက်များသည် ဤစာချွန်လွှာရုပ်သိမ်းပြီးနောက်ပိုင်းတွင်လည်း ဆက်လက် အာဏာသက်ရောက်မှု ရှိစေရမည်။

၁၄။ ဤစာချွန်လွှာအတွက် အင်္ဂလိပ်ဘာသာစကားအသုံးပြုပြီး အာဏာပိုင်များအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားသို့ ဘာသာပြန်ဆိုထားရှိနိုင်သည်။ ဤစာချွန်လွှာရှိ အင်္ဂလိပ် စာသားနှင့် ၎င်းကိုအခြားသောဘာသာဖြင့် ပြန်ဆိုချက်တို့အကြားကွဲလွဲခြင်းများ နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ရှိသည့်ဖြစ်စဉ်မျိုးတွင် အင်္ဂလိပ်ဘာသာစကားသည် လွှမ်းမိုး သက်ရောက်မှုရှိစေရမည်။

၁၅။ **လက်မှတ်**

| | |
|---|---|
| မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၉-၅-၂၀၁၂ ရက်နေ့၌ အင်္ဂလိပ်ဘာသာစကားဖြင့် လက်မှတ်ရေးထိုးသည်။ | မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၉-၅-၂၀၁၂ ရက်နေ့၌ အင်္ဂလိပ်ဘာသာစကားဖြင့် လက်မှတ်ရေးထိုးသည်။ |

ကိုရီးယားနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်း
ထောက်လှမ်းရေးအဖွဲ့

--------------------------------

Jae-Seek PARK, ကော်မရှင်နာ

မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်း
ထောက်လှမ်းရေးအဖွဲ့

--------------------------------